**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.com

## (၇၆) နှစ်မြောက် ကရင်နီအမျိုးသား အာဇာနည်နေ့ သို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ပေးပို့သော သဝဏ်လွှာ

စက်တင်ဘာ (၈) ရက်နေ့ ၊ ၂၀၂၄ ခုနှစ်

ယနေ့ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့သည် (၇၆)နှစ်မြောက် ကရင်နီအမျိုးသားအာဇာနည်နေ့ဖြစ်ပြီး ကရင်နီအမျိုးသားများအတွက် တန်ဖိုးမဖြတ်နိုင်သော နေ့ထူးနေမြတ်တနေ့ ဖြစ်ပါသည်။ ဤနေ့တွင် ကရင်နီအမျိုသား တို့ရဲ့ တော်လှန်ရေးခေါင်းဆောင်ကြီး ဂိုဘီတူရီ နှင့်တကွ ကရင်နီ တော်လှန်ရေးကာလတစ်လျှောက် အသက်ပေးလှူကြသည့် ကရင်နီအာဇာနည်အပေါင်းတို့ကို ဦးညွှတ်အလေးပြုပါသည်၊ ကရင်နီအမျိုးသား ခေါင်းဆောင်၊ ရဲဘော်များနှင့် ပြည်သူလူထု တစ်ရပ်လုံးတို့နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရသော နေ့တစ်နေ့လည်း ဖြစ်သည်။

တိုင်းပြည်အသီးသီး၊ လူမျိုးအသီးသီးတို့တွင် မိမိနိုင်ငံ မိမိလူမျိုးအတွက် မိမိတို့၏ အသက်၊ အိုးအိမ် စည်းစိမ်များတို့ကို မငဲ့ကွက်ပဲ အမျိုးသားရေးအတွက် နိုင်ငံအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ စွန့်လွှတ်စွန့်စား ကြိုးပမ်းခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်များ အသီးသီးရှိကြပါသည်။ မြန်မာနိုင်ငံတွင်လည်း သမိုင်းကြောင်း တစ်လျှောက် နိုင်ငံနှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကာ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသား အာဇာနည် ခေါင်းဆောင်ကြီးများစွာ ရှိခဲ့ကြပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများတို့ကို အစဉ်အောက်မေ့သတိယ ဦးညွှတ်ဂုဏ်ပြုရမှာဖြစ်သလို ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော လမ်းစဉ်ကို ကိုင်စွဲပြီး မပြီးဆုံးသေးသည့် တော်လှန်ရေးတာဝန် ကို ဆက်လက်ပခုံးပြောင်းတိုက်ပွဲဝင်ရမည်ဖြစ်သည်။

ယနေ့ကျရောက်သည့် (၇၆)နှစ်မြောက် ကရင်နီအမျိုးသားအားဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများ တို့၏ မပြီးဆုံးသေးသည့် တော်လှန်ရေး ရည်မှန်းချက်ဖြစ်သည့် စစ်အာဏာရှင်စနစ်နှင့် အာဏာရှင် စနစ်အားလုံး ချုပ်ငြိမ်းပြီး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို ထူထောင်နိုင်သည်အထိ မိမိတို့ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် တော်လှန်သူများတို့နှင့် အတူတကွ ဆက်လက်လက်တွဲပြီး တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သံဓိဌာန်ပြုရင်း (၇၆)နှစ်မြောက် ကရင်နီအမျိုးသားအာဇာနည်နေ့သို့ သဝဏ်လွှာ ပေးပို့ အပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်